ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း

စေတနာ
Saetanar
Education for Peace and Development (EPD)

# စေတနာသတင်းလွှာ

Education for Peace and Development Project (EPD)

Newsletter Vol (8), No (1)

၂၀၁၉ ခုနှစ်၊ ဇွန်လ အတွဲ (၈)၊ အမှတ်စဉ် (၁)

## စေတနာအဖွဲ့၏ ဥယျောဇဉ်

မြန်မာနှစ်သစ် ၁၃၈၁ ခုနှစ်တွင် ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြစေရန် စေတနာအဖွဲ့မှ ဦးစွာ ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။ စေတနာအဖွဲ့သည် "ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း (EPD)" စီမံကိန်းဖြင့် စာသင်ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်း၊ စာသင်ကျောင်းဆောင်ဟောင်းများကို ပြုပြင်ခြင်း၊ အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားအောင်ကူညီခြင်း စသည်တို့ကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းအဆင့် (၄)၊ ၂၀၁၈ ခုနှစ်မှစ၍ EPD စီမံကိန်းကို ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတွင်သာမက ကယားပြည်နယ်၌လည်း တိုးချဲ့လုပ်ဆောင်လျက်ရှိကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် အသိပေးအပ်ပါသည်။

### ကယားပြည်နယ်တွင် ပထမဆုံးအကြိမ်အဖြစ်ကျင်းပသော ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားမှ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၏ အဖွင့်အမှာစကား ကောက်နုတ်ချက်



ယခုလို ကျောင်းဆောင်သစ်ကြီးကို သတ်မှတ်ချိန်အတွင်း အောင်မြင်စွာဆောက်လုပ်နိုင်ခဲ့ခြင်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ နတလဦးစီးဌာန၏ ကူညီပံ့ပိုးပေးမှု၊ နိပွန်ဖောင်ဒေးရှင်း (စေတနာ) အဖွဲ့၏ အနီးကပ်ကြီးကြပ်မှု၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ/ဆရာမများ၊ ကျောင်းသားမိဘများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအားလုံးတို့၏ ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှု၏ ရလဒ်တစ်ခုသာဖြစ်ကြောင်း၊ ဒေသခံပြည်သူများ စိတ်ဓါတ်တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်းဖြင့် ရရှိလာသောဒေသဖွံ့ဖြိုးရေးရန်ပုံငွေကိုလည်း ပညာရေးအထောက်အကူပြု လုပ်ငန်းများတွင် ဦးစားပေးသုံးစွဲသွားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။ နိဂုံးချုပ်အနေနှင့် နိပွန်ဖောင်ဒေးရှင်း (စေတနာ) အဖွဲ့မှ လှူဒါန်းထားသော စာသင်ကျောင်းဆောင်များ၊ သင်ထောက်ကူပစ္စည်းများအား ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်းများကို ဆရာ/ဆရာမများနှင့် ကျောင်းသားမိဘများမှ ကြပ်မတ်လုပ်ဆောင်ပေးရန်၊ ကလေးများမှလည်း မိမိတို့၏ကျောင်းဆောင်သစ်ကြီး၌ စိတ်အေးချမ်းသာစွာ ပညာသင်ကြားရင်း နိုင်ငံအတွက် မိမိဒေသအတွက် အားထားရသော သားကောင်း/ သမီးကောင်းလေးများဖြစ်အောင် ကြိုးစားကြရန် မှာကြားခဲ့သည်။

၂၀၁၈-စီမံကိန်းနှစ်တွင် EPD စီမံကိန်းဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ပိန်းချစ်အလက(ခွဲ) နှင့် ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်အထက(ခွဲ) စာသင်ကျောင်း (၂) ကျောင်းကို ဆောက်လုပ်ပေးခဲ့ရာ အဆိုပါကျောင်းများ၏ ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့က ကျင်းပခဲ့ပါသည်။

ပိန်းချစ်အလက(ခွဲ)





ငွေတောင်အထက(ခွဲ)





## စီမံကိန်းအဆင့် (၄)၊ စီမံကိန်းနှစ် ၂၀၁၈ တွင် ဆောက်လုပ်ပြီးစီးခဲ့သော ကျောင်းများ

### ရှမ်းပြည်နယ်မြောက်ပိုင်း


စယ်လန့်အထက(ခွဲ)၊ မူဆယ်မြို့နယ်


လော့ကွမ်အမက(မူလွန်)၊ ကွတ်ခိုင်မြို့နယ်


မောက်စလီအမက၊ သိန်းနီမြို့နယ်


နားလော့အမက၊ သီပေါမြို့နယ်


ဟိုမိန်းအလက၊ နမ့်ဆန်မြို့နယ်


ပန်စရီအထက(ခွဲ)၊ နမ့်ဆန်မြို့နယ်


ခိုမုန်းအမက၊ ကျောက်မဲမြို့နယ်


ပန်ကွမ်အလက၊ ကျောက်မဲမြို့နယ်


နားမွန်အမက(မူလွန်)၊ နောင်ချိုမြို့နယ်


ဇီးဖြူပင်အမက(မူလွန်)၊ နောင်ချိုမြို့နယ်

### ရှမ်းပြည်နယ်တောင်ပိုင်း


ပင်ငိုအလက(ခွဲ)၊ တောင်ကြီးမြို့နယ်


ဟိုပွေးအလက(ခွဲ)၊ ဟိုပုံးမြို့နယ်


ပွန်ရမ်းအလက(ခွဲ)၊ ဆီဆိုင်မြို့နယ်


ပင်ခင်အမက(မူလွန်)၊ ပင်လောင်းမြို့နယ်


ဆင်သေအလက၊ ရပ်စောက်မြို့နယ်


ဟန်ဘူးအမက(မူလွန်)၊ ဖယ်ခုံမြို့နယ်


ပင်ပျော်အမက(မူလွန်)၊ ပင်းတယမြို့နယ်


သိမ်ကုန်းအလက၊ ရွာငံမြို့နယ်


ပန်အင်းခေးအမက၊ လွိုင်လင်မြို့နယ်


ရှစ်မိုင်အမက၊ နမ်စန်မြို့နယ်

### ကယားပြည်နယ်


ပိန်းချစ်အလက(ခွဲ)၊ လွိုင်ကော်မြို့နယ်


ငွေတောင်အထက(ခွဲ)၊ ဒီးမော့ဆိုမြို့နယ်

## ၂၀၁၈ စီမံကိန်းနှစ်အတွင်း စေတနာအဖွဲ့၏ အခြားလုပ်ငန်းဆောင်ရွက်ချက်များ

### (၁) ဆရာ/ဆရာမနေအိမ်များဆောက်လုပ်ခြင်း

စေတနာအဖွဲ့သည် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ ကျောင်းဆောင်ပြုပြင်ခြင်းလုပ်ငန်းများအပြင် လိုအပ်ချက်ရှိသောစာသင်ကျောင်းများတွင် ဆရာ/ဆရာမများအတွက် နေအိမ်ဆောင်များကိုပါ ဆောက်လုပ်ပေးပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဆရာ/ဆရာမနေအိမ်ဆောက်လုပ်ပေးရန် ကျောက်မဲမြို့နယ်ရှိ ခိုမုန်း အမက နှင့် ပန်ကွမ် အလကကျောင်းများကို ရွေးချယ်ခဲ့ပါသည်။ ထိုကျောင်းများတွင် (၇၂×၂၄) ပေ ဆရာ/ဆရာမနေအိမ်ဆောင်ကို ဆောက်လုပ်ပေးလျှက် ရှိပါသည်။ ၂၀၁၉ ဧပြီလအတွင်း ဆရာ/ဆရာမနေအိမ်ဆောင်ဆောက်လုပ်နေဆဲအခြေအနေများကို ဖော်ပြထားပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင်လည်း ဟိုပုံးမြို့နယ်ရှိ ဟိုပွေးအလက(ခွဲ) နှင့် နမ့်ဆန်မြို့နယ်ရှိ (၈) မိုင် အမကကျောင်းများတွင် ဆရာနေအိမ်ဆောင်လုပ်ပေးရန်အတွက် ရွေးချယ်ထားပါသည်။


ခိုမုန်းအမက၊ ကျောက်မဲမြို့နယ်


ပန်ကွမ်အလက၊ ကျောက်မဲမြို့နယ်


ဟိုပွေးအလက(ခွဲ)၊ ဟိုပုံးမြို့နယ်

### (၂) ကျောင်းကစားကွင်းပစ္စည်းများတပ်ဆင်ခြင်း

"ကျောင်းနေပျော်မှ စာတော်မည်" ဟူသောဆောင်ပုဒ်နှင့်အညီ ကလေးငယ်များအတွက် တက်ကြွပျော်ရွှင်သောကျောင်းပတ်ဝန်းကျင်တစ်ခု ရှိနေရန်လည်း လိုအပ်ပါသည်။ ကျောင်းတက်မှန်ခြင်း၊ ကိုယ်လက်လှုပ်ရှားကစားခြင်းဖြင့် ကျန်းမာဖျတ်လတ်ခြင်း၊ ကျောင်းတွင်းလှုပ်ရှားမှုများတွင် စိတ်ပါဝင်စားမှုရှိခြင်း၊ အတန်းဖော်သူငယ်ချင်းများနှင့် စည်းလုံးချစ်ခင်မှုရရှိခြင်း စသည့် အလေ့အကျင့်ကောင်းများကို မူလတန်းအရွယ်မှစ၍ အလယ်တန်း၊ အထက်တန်းအထိ စွဲမြဲသွားစေရန် ရည်ရွယ်၍ စေတနာမှဆောက်လုပ်ပေးသော မူလတန်းစာသင်ကျောင်းအချို့တွင် ကစားကွင်းများကိုပါ တပ်ဆင်ပေးပါသည်။

၂၀၁၈–စီမံကိန်းနှစ်အတွက် စေတနာမှ ရှမ်းပြည်နယ်တောင်ပိုင်းရှိ (၁၀) ကျောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ (၄) ကျောင်း နှင့် ကယားပြည်နယ်ရှိ (၂) ကျောင်းတွင် ကလေးကစားကွင်းပစ္စည်းများတပ်ဆင်ပေးရန် ရွေးချယ်ခဲ့ပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျှက် ရှိပါသည်။


မောက်စလီအမက၊ သိန်းနီမြို့နယ်



နားလော့အမက၊ သီပေါမြို့နယ်


ဇီးဖြူပင်အမက(မူလွန်)၊ နောင်ချိုမြို့နယ်


အမှတ်-၂ ငွေတောင်အထက(ခွဲ)၊ ဒီးမော့ဆိုမြို့နယ်


ပိန်းချစ်အလက(ခွဲ)၊ လွိုင်ကော်မြို့နယ်

## “တို့ရွာ တို့ကျောင်း ရေရှည်ကောင်း၊ စုပေါင်းထိန်းသိမ်းစို့”



## “စာသင်ကျောင်းအိမ်သာများသန့်ရှင်းရေး ပိုင်းဝန်းကူညီထိန်းသိမ်းပေး”

စေတနာအဖွဲ့သည် EPD စီမံကိန်းဖြင့် စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်သောကျောင်းများတွင် (၃) ခန်းတွဲ သို့မဟုတ် (၅) ခန်းတွဲ ရေလောင်းအိမ်သာများကိုလည်း ဆောက်လုပ်ပေးခဲ့ပါသည်။ ၎င်းအိမ်သာများတွင် မကောင်းသောအနံ့အသက်ကင်းစင်ပြီး တာရှည်အသုံးခံနိုင်အောင် မိလ္လာကန်ကိုပါ ဆောက်လုပ်ပေးပါသည်။ အချိန်နှင့်တပြေးညီသန့်ရှင်းရေးပြုလုပ်ခြင်း၊ အိမ်သာကြွေခွက်များပိတ်ဆို့မှုမဖြစ်အောင်သတိပြုရန် ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအား ရှင်းပြခြင်း၊ အိမ်သာများကို တစ်နေ့တစ်ကြိမ်စစ်ဆေးခြင်း၊ ရေလုံလောက်မှုရှိအောင် စီမံခြင်း၊ အပျက်အစီးရှိလျှင် အမြန်ပြင်ဆင်ခြင်း စသည်တို့ဆောင်ရွက်ရန် လိုအပ်ပါသည်။ (၅) ခန်းတွဲအိမ်သာနှင့် မိလ္လာကန်ဆောက်လုပ်သည့် ကုန်ကျစရိတ်မှာ ငွေကျပ် သိန်း (၅၀) ခန့် ဖြစ်ပါသည်။

စာသင်ကျောင်းများသို့ တာဝန်ရှိလူကြီးများနှင့် ဧည့်သည်များလာသည့်အခါ အိမ်သာအသုံးပြုချိန်တွင် အိမ်သာများသန့်ရှင်းမှ လာရောက်သူတိုင်း စိတ်ချမ်းသာသည်။ မိမိကျောင်း၏ သန့်ရှင်းသပ်ရပ်မှုအဆင့်အတန်းကို မြှင့်တင်ခြင်းဖြင့် ကျောင်းဂုဏ်ပိုတင့်တယ်သည်။ အိမ်သာများသန့်ရှင်းမှသာ ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေးကိုလည်း မထိခိုက်မည်ဖြစ်သောကြောင့် စေတနာမေတ္တာရှေ့ထား၍ သန့်ရှင်းသပ်ရပ်သောအိမ်သာများဖြစ်အောင် ကူညီထိန်းသိမ်းရန် တိုက်တွန်းပါသည်။

ဦးတင်လေး (အမှုဆောင်ဒါရိုက်တာ၊ စေတနာ)





စေတနာအဖွဲ့အကြောင်းအသေးစိတ်သိရှိလိုပါက www.saetanar.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
အကြံပြုချက်များ၊ စာမူများကိုလည်း နီးစပ်ရာ စေတနာရုံးများသို့ ပေးပို့နိုင်ပါသည်။